မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၅ ] ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်) } သောကြာနေ့ [ အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်)

**တရုတ် – မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တရုတ် – မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | နေပြည်တော်ကောင်စီအဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |

D/Hla Nu/2021 Gazette/ gazette (15) 1

(ည) စီမံကိန်းနှင့် သက်ဆိုင်သည့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် — အဖွဲ့ဝင်

(ဋ) စီမံကိန်းနှင့် သက်ဆိုင်သည့် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် — အဖွဲ့ဝင်

(ဌ) စီမံကိန်းနှင့် သက်ဆိုင်သည့် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် — အဖွဲ့ဝင်

(ဍ) စီမံကိန်းနှင့် သက်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် — အဖွဲ့ဝင်

(ဎ) စီမံကိန်းနှင့် သက်ဆိုင်သည့် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် — အဖွဲ့ဝင်

(ဏ) စီမံကိန်းနှင့် သက်ဆိုင်သည့် ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် — အဖွဲ့ဝင်

(တ) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် — အဖွဲ့ဝင်

(ထ) အမြဲတမ်းအတွင်းဝန် နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဒ) အမြဲတမ်းအတွင်းဝန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဓ) အမြဲတမ်းအတွင်းဝန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(န) ညွှန်ကြားရေးမှူးချုပ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန — အတွင်းရေးမှူး

(ပ) ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ တရုတ် - မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများကိုအပြန်အလှန်အကျိုးရှိရှိဆောင်ရွက်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ စီးပွားရေးစင်္ကြံဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် အထွေထွေအလေ့အထနှင့် အဓိကကျသောကိစ္စရပ်များကို အဆိုပြုခြင်းနှင့် လေ့လာခြင်း၊ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် အထောက်အပံ့ပြုနိုင်သောမူဝါဒများပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် နားလည်မှုစာချွန်လွှာကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံအတွေ့အကြုံဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ခြင်း၊

(ဂ) အဓိကစီမံချက်များ၊ လုပ်ငန်းကဏ္ဍများကိုဆုံးဖြတ်ခြင်းနှင့် လုပ်ငန်းစီမံကိန်းများ၏ စံချိန်စံညွှန်းနှင့် အရည်အသွေးကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဃ) စီးပွားရေးစင်္ကြံဆိုင်ရာလုပ်ငန်းတိုးတက်မှုအခြေအနေကို နှစ်ဖက်အစိုးရများသို့ အစီရင်ခံခြင်း။

D/Hla Nu/2021 Gazette/ gazette (15) 2

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၈) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်)

**မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ လူငယ်များကိုမှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံသားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်ရန် **"မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

D/Hla Nu/2021 Gazette/ gazette (15) 3

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ဋ ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဌ ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

( ဍ ) လူငယ်ကိုယ်စားလှယ်တစ်ဦးစီ — အဖွဲ့ဝင်
နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အားလုံး

( ဎ ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဏ) လူငယ်ကိုယ်စားလှယ်တစ်ဦး — တွဲဖက်အတွင်းရေးမှူး
ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ

၂။ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လူငယ်ရေးရာမူဝါဒနှင့် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင်ပါရှိသည့် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီက တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်၊

( ခ ) နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူငယ်ရေးရာကော်မတီများနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်း/ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား လူငယ်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးရမည်၊

( ဂ ) နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီမှ ပေးပို့သော ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို တာဝန်ခံမှုဖြင့် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီတွင် ဆွေးနွေးတင်ပြရမည်။

၃။ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၉) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

D/Hla Nu/2021 Gazette/ gazette (15) 4

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်)

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၄ အရ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ခေါင်းဆောင် |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဍ) | ဥက္ကဋ္ဌ<br>ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဎ) | ဥက္ကဋ္ဌ<br>ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဏ) | ဥက္ကဋ္ဌ<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |

D/Hla Nu/2021 Gazette/ gazette (15) 5

| | | |
|---|---|---|
| (တ) | ဥက္ကဋ္ဌ<br>တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဒ) | ဥက္ကဋ္ဌ<br>မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (န) | ဥက္ကဋ္ဌ<br>မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ပ) | ဥက္ကဋ္ဌ<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဖ) | ဥက္ကဋ္ဌ<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ<br>ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ<br>ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (မ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ယ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (လ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဝ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (သ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (ဟ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဠ) | ဥက္ကဋ္ဌ<br>ဗဟိုသမဝါယမအသင်း | အဖွဲ့ဝင် |
| (အ) | ပြင်ပ ပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (ကက) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ခခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၆) နှင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၇) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်)

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ယခင်ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၀) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ရီ အား (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ) အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ အမိန့်အမှတ် (၉/၂၀၂၁) ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းဦး အား (သတ္တုရေးရာ) အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါ အမိန့်အမှတ် (၁၀၃/၂၀၂၁) ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးပြီးဖြစ်သည့်အတွက် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် အား အမြဲတမ်းအတွင်းဝန်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဒေါက်တာညီညီကျော်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဆိုင်ရာဦးစီးဌာန၏တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀ (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

D/Hla Nu/2021 Gazette/ gazette (15) 7

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)

**မြန်မာ – ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီနှင့် မြန်မာ – ထိုင်း မြို့နယ်အဆင့်**
**နယ်ခြားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာ – ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီနှင့် မြန်မာ – ထိုင်း မြို့နယ်အဆင့်နယ်ခြားကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

**မြန်မာ – ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီဖွဲ့စည်းမှု**

| | | |
|---|---|---|
| (က) | စစ်ဆင်ရေးအထူးအဖွဲ့မှူး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)<br>အမှတ် (၄) စစ်ဆင်ရေးအထူးအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | စစ်ဆင်ရေးအထူးအဖွဲ့မှူး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)<br>အမှတ် (၂) စစ်ဆင်ရေးအထူးအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | တိုင်းမှူး<br>အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဃ) | တိုင်းမှူး<br>အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (င) | တိုင်းမှူး<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (စ) | တိုင်းမှူး<br>အရှေ့တောင်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | တိုင်းမှူး<br>ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဈ) | ဌာနချုပ်မှူး<br>တနင်္သာရီရေတပ်စခန်းဌာနချုပ် | အဖွဲ့ဝင် |
| (ည) | ဌာနချုပ်မှူး<br>နမ့်စန်လေတပ်စခန်းဌာနချုပ် | အဖွဲ့ဝင် |
| (ဋ) | ဌာနချုပ်မှူး<br>မြိတ်လေတပ်စခန်းဌာနချုပ် | အဖွဲ့ဝင် |
| (ဌ) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

D/Hla Nu/2021 Gazette/ gazette (15) 8

(ဍ) ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဎ) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဏ) ညွှန်ကြားရေးမှူးချုပ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(တ) ဒုတိယစစ်ဥပဒေချုပ် စစ်ဥပဒေချုပ်ရုံး — အဖွဲ့ဝင်

(ထ) ဌာနကြီးမှူး တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး — အတွင်းရေးမှူး

(ဒ) စစ်ဦးစီးမှူး (ပထမတန်း) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးနှင့် သုတေသနဌာန၊ စစ်ဆင်ရေးဌာနခွဲ — တွဲဖက်အတွင်းရေးမှူး

၂။ မြန်မာ – ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ချမှတ်ပေးသော မူဝါဒဘောင်အတွင်းမှ မြန်မာ– ထိုင်း နယ်စပ်ဒေသတွင် အရေးတကြီးဆောင်ရွက်ရန် ပြဿနာများပေါ်ပေါက်လာသည့်အခါ တစ်ဖက်ဒေသဆိုင်ရာနယ်ခြားကော်မတီနှင့် အပြန်အလှန်ဆက်သွယ်၍ ပူးပေါင်းညှိနှိုင်းဖြေရှင်းရပါမည်။

(ခ) ပေါ်ပေါက်လာသည့် ပြဿနာများကို လျင်မြန်စွာဖြေရှင်းနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

(ဂ) လုံခြုံရေးကိစ္စရပ်များမှအပ နယ်ခြားဒေသတွင် ပေါ်ပေါက်လာသည့် စီးပွားရေး၊ လူမှုရေး၊ လူဝင်မှု၊ အကောက်ခွန်၊ မူခင်းနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်သွယ်ညှိနှိုင်းပေးရပါမည်။

(ဃ) ပြဿနာများပေါ်ပေါက်မှုမရှိစေရန်အတွက်လိုအပ်သောကြိုတင်စီမံမှုများ၊ နည်းလမ်းရှာဖွေကြံဆခြင်းများ၊ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းမူများ ချမှတ်ထားရှိရပါမည်။

(င) စီမံခန့်ခွဲရေးအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပေးရပါမည်။

(စ) မြို့နယ်ဆိုင်ရာနယ်ခြားကော်မတီများလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပေးပြီး ယင်းကော်မတီများ၏ လုပ်ငန်းများကို ကြီးကြပ်ရပါမည်။

(ဆ) နယ်စပ်ဒေသပြဿနာများ ဖြေရှင်းဆောင်ရွက်ရာတွင်အခက်အခဲပေါ်ပေါက်ပါကကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရပါမည်။

(ဇ) အဖွဲ့ဝင်များ ဖြည့်တင်းခန့်ထားရန်လိုအပ်ပါက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သို့ တင်ပြခွင့်ပြုချက်ရယူရမည်။

(ဈ) ဒေသဆိုင်ရာနယ်ခြားကော်မတီ၏ လုပ်ငန်းအရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကုန်ကျမည့်အသုံးစရိတ်ခန့်မှန်းခြေကို ကာကွယ်ရေးဝန်ကြီးဌာန၏ ငွေစာရင်းတွင် ထည့်သွင်းတောင်းခံရမည်။

(ည) ခွင့်ပြုချက်ရရှိသည့် ရန်ပုံငွေကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ညွှန်ကြားချက်နှင့်အညီ ခွဲဝေသုံးစွဲပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ငွေစာရင်းရုံးက စစ်ဆေးအတည်ပြုပေးရမည်။

(ဋ) ဒေသဆိုင်ရာနယ်ခြားကော်မတီသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှတစ်ဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ တာဝန်ခံရမည်။

D/Hla Nu/2021 Gazette/ gazette (15) 9

**မြန်မာ – ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီဖွဲ့စည်းမှု**

**တာချီလိတ်**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ<br>တာချီလိတ်မြို့နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးမှူး (တတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ) (တာချီလိတ်) | အတွင်းရေးမှူး |

**ဖားဆောင်း**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ<br>ဖားဆောင်းမြို့နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးမှူး (တတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ) (ဘောလခဲ) | အတွင်းရေးမှူး |

**ဘောလခဲ**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ<br>ဘောလခဲမြို့နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးမှူး (တတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ) (ဘောလခဲ) | အတွင်းရေးမှူး |

**မြဝတီ**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ<br>မြဝတီမြို့နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (င) | စစ်ဦးစီးမှူး (တတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ) (သက်န်းညီနောင်) | အတွင်းရေးမှူး |

**ကြာအင်းဆိပ်ကြီး**

| | | |
|---|---|---|
| (က) | တပ်ရင်းမှူး | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ | အဖွဲ့ဝင် |

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်

(ဃ) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ
ကြာအင်းဆိပ်ကြီးမြို့နယ်ဦးစီးမှူးရုံး

(င) စစ်ဦးစီးမှူး (တတိယတန်း) — အတွင်းရေးမှူး
စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြာအင်းဆိပ်ကြီး)

**ကော့သောင်း**

(က) တပ်ရင်းမှူး — ဥက္ကဋ္ဌ

(ခ) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ — အဖွဲ့ဝင်

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်

(ဃ) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ
ကော့သောင်းမြို့နယ်ဦးစီးမှူးရုံး

(င) စစ်ဦးစီးမှူး (တတိယတန်း) — အတွင်းရေးမှူး
စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကော့သောင်း)

၃။ မြန်မာ – ထိုင်း မြို့နယ်အဆင့်နယ်ခြားကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မိမိတို့နယ်မြေအတွင်းနယ်စပ်ပြဿနာများပေါ်ပေါက်လာသည့်အခါ တစ်ဖက်မြို့နယ်ဆိုင်ရာ နယ်ခြားကော်မတီနှင့် အပြန်အလှန်ဆက်သွယ်၍ ပူးပေါင်းညှိနှိုင်းဖြေရှင်းရမည်။

(ခ) ပေါ်ပေါက်လာသည့်ပြဿနာများကို လျင်မြန်စွာဖြေရှင်းနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) လုံခြုံရေးကိစ္စရပ်များမှအပ နယ်ခြားဒေသတွင် ပေါ်ပေါက်လာသည့် စီးပွားရေး၊ လူမှုရေး၊ လူဝင်မှု၊ အကောက်ခွန်၊ မူခင်းနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းနိုင်ရန် အထက်သို့တင်ပြရမည်။

(ဃ) ပြဿနာများပေါ်ပေါက်မှုမရှိစေရန်အတွက် လိုအပ်သောကြိုတင်စီမံမှုများကို ဒေသဆိုင်ရာနယ်ခြားကော်မတီက ချမှတ်ပေးသော လုပ်ထုံးလုပ်နည်းမူများနှင့်အညီ ဆောင်ရွက်သွားရမည်။

(င) စီမံခန့်ခွဲရေးအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းရမည်။

(စ) နယ်စပ်ပြဿနာများ ဖြေရှင်းဆောင်ရွက်ရာ၌ အခက်အခဲပေါ်ပေါက်ပါက ဒေသဆိုင်ရာနယ်ခြားကော်မတီသို့ တင်ပြရမည်။

(ဆ) ရန်ပုံငွေကိစ္စရပ်များအတွက် ဒေသဆိုင်ရာနယ်ခြားကော်မတီသို့ တင်ပြရမည်။

(ဇ) မြို့နယ်ဆိုင်ရာ နယ်ခြားကော်မတီများသည် ဒေသဆိုင်ရာနယ်ခြားကော်မတီသို့ တာဝန်ခံရမည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

D/Hla Nu/2021 Gazette/ gazette (15) 11

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)

**မြန်မာ - လာအို ဒေသဆိုင်ရာနယ်ခြားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာ - လာအို ဒေသဆိုင်ရာနယ်ခြားကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | စစ်ဗျူဟာမှူး<br>စစ်ဗျူဟာအဖွဲ့ (အခြေချ) (တာချီလိတ်)<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ရှမ်းပြည်နယ်အရှေ့ပိုင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | လက်ထောက်စစ်ဥပဒေချုပ်<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူး<br>နယ်နိမိတ်ရေးရာဌာန<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | စစ်ဦးစီးမှူး (ဒုတိယတန်း)<br>စစ်ဗျူဟာအဖွဲ့ (အခြေချ) (တာချီလိတ်)<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | အတွင်းရေးမှူး |
| (ဆ) | ဦးစီးအရာရှိ<br>ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့<br>တာချီလိတ် | တွဲဖက်အတွင်းရေးမှူး |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

D/Hla Nu/2021 Gazette/ gazette (15) 12

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)

**မြန်မာ – လာအို ဗဟိုအဆင့်နယ်ခြားကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာ့တပ်မတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့တပ်မတော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာပါအရ **မြန်မာ – လာအို ဗဟိုအဆင့်နယ်ခြားကော်မတီ** (မြန်မာဘက်) ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | ဌာနမှူး<br>သုတေသန၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာန<br>နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | လက်ထောက်စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ( င ) | စစ်ဦးစီးမှူး (ပထမတန်း)<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| ( စ ) | စစ်ဦးစီးမှူး (ပထမတန်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) | အဖွဲ့ဝင် |
| (ဆ) | စစ်ဦးစီးမှူး (ပထမတန်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးနှင့် သုတေသနဌာန၊<br>စစ်ဆင်ရေးဌာနခွဲ | အဖွဲ့ဝင် |
| ( ဇ ) | စစ်သံမှူး<br>မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံး၊ ဗီယင်ကျင်းမြို့ | အဖွဲ့ဝင် |
| (ဈ) | စစ်ဗျူဟာမှူး<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ည) | နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှူး<br>အမှတ် (၁၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် | အဖွဲ့ဝင် |
| ( ဋ ) | စစ်ဗျူဟာမှူး<br>စစ်ဗျူဟာအဖွဲ့ (အခြေချ) (တာချီလိတ်) | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူး<br>နယ်နိမိတ်ရေးရာဌာန<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( ည ) ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အဖွဲ့ဝင်
တာချီလိတ်ခရိုင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

( ဃ ) စစ်ဦးစီးမှူး (ပထမတန်း) အတွင်းရေးမှူး/အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)
စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ

၂။ မြန်မာ – လာအို ဗဟိုအဆင့် နယ်ခြားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတကာနှင့် ဒေသတွင်းအေးချမ်းတည်ငြိမ်မှုနှင့် လုံခြုံမှုများကို သက်ရောက်မှုရှိနေသည့် အပြောင်းအလဲများနှင့် ပဋိပက္ခများတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ရှုပ်ထွေးစိုးရိမ်ရမှု အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ယူဆချက်ကို မျှဝေခြင်း၊

( ခ ) နှစ်နိုင်ငံနယ်စပ်များဖြစ်သော လာအိုနိုင်ငံ၊ လွမ်နမ့်ထာနှင့် ဘော်ကဲအိုပြည်နယ်များနှင့် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်တို့အကြား နယ်စပ်ဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးကဏ္ဍများတွင် ပူးပေါင်းကာကွယ်စောင့်ရှောက်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

( ဂ ) နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်သော မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှု၊ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝသယံဇာတများ ခိုးထုတ်မှု၊ ရှေးဟောင်းပစ္စည်းများ၊ လက်နက်နှင့် အခြားသော မှောင်ခိုမှုများအပါအဝင် တရားမဝင်ကုန်သွယ်မှုများကို ကာကွယ်တားဆီးနိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) မည်သည့်အဖျက်သမားများ သို့မဟုတ် အဖျက်အုပ်စုများကိုမျှ သက်ဆိုင်ရာပိုင်နက်နယ်နိမိတ်အတွင်း အခြေချနေထိုင်မှုနှင့် လှုပ်ရှားမှုများမပြုရန် ဆောင်ရွက်ခြင်း၊

( င ) မဲခေါင်မြစ်တစ်လျှောက်ရှိ မြန်မာ – လာအို နယ်နိမိတ်မှတ်တိုင်များကို ပကတိအတိုင်း ထိန်းသိမ်းစောင့်ရှောက်ရန်၊ ပြန်လည်သတ်မှတ်ရန်၊ ပြုပြင်ရန်နှင့် တည်ဆောက်ရန်တို့ကို လိုအပ်ပါက ပူးတွဲလေ့လာဆန်းစစ်မှုပြုရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

( စ ) နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို နှောင့်ယှက်ဖျက်ဆီးလိုသော အဖျက်သမားများ၏ အကြံအစည်ကိုသိရှိစေရေး၊ နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများကို သိရှိစေရေးတို့အတွက် နယ်စပ်ဒေသရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူများကို အသိပညာပေး လေ့ကျင့်ခြင်း၊

(ဆ) နယ်စပ်တစ်လျှောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် သဘာဝဘေးအန္တရာယ်ကူညီရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၈) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

D/Hla Nu/2021 Gazette/ gazette (15) 14

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)

**မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဍ) ကော်မတီဝင် — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဎ) ကော်မတီဝင် — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

D/Hla Nu/2021 Gazette/ gazette (15) 15

| | | |
|---|---|---|
| (ဏ) | ညွှန်ကြားရေးမှူး<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (ဒ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသက်ကြီးအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသက်ကြီးစောင့်ရှောက်ရေးလူမှုအဖွဲ့အစည်းများကွန်ရက် | အဖွဲ့ဝင် |
| (န) | ဥက္ကဋ္ဌ<br>ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ | အဖွဲ့ဝင် |
| (ပ) | သဘာပတိ<br>လေ့လာရေး၊ သတင်းစဉ်နှင့် သင်တန်းများကော်မတီ<br>(မြန်မာနိုင်ငံယုဝတီ ခရစ်ယာန်အသင်း) | အဖွဲ့ဝင် |
| (ဖ) | Head<br>Partnerships and Network Development<br>အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့<br>(မြန်မာ) | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး |
| (ဘ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် မိမိ၏ လုပ်ငန်းဆောင်ရွက်မှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

၃။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် လိုအပ်ပါကပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၁-၈-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၇)၊ ၆-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၀) နှင့် ၃၁-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၀) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၅ /၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)

**ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် အကောင်အထည်ဖော်လျက်ရှိသော ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရေးအတွက် **ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရတနာပုံမြို့သစ်တည်ဆောက်ရေးလုပ်ငန်းများဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ လမ်းညွှန်မှုပြုခြင်း၊

(ခ) စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်နှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးစီးဆောင်ရွက်ခြင်း၊

(ဂ) ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ ပေါ်ပေါက်စေရန် ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဃ) ရတနာပုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ကဏ္ဍအသီးသီးမှ ပေါင်းစပ်ဆောင်ရွက်မည့်လုပ်ငန်းအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ကြီးကြပ်ပေးခြင်း၊

(င) ရတနာပုံမြို့သစ်စီမံကိန်း ဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ အစီရင်ခံတင်ပြခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၇) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)

## ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **"ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |

D/Hla Nu/2021 Gazette/ gazette (15) 18

| | | |
|---|---|---|
| (စ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်<br>ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဒ) | ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (ဓ) | ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်<br>ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (န) | ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ပ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

D/Hla Nu/2021 Gazette/ gazette (15) 19

(မ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(ယ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မူဝါဒ၊ လမ်းညွှန်ချက်များချမှတ်ပေးရန်၊

(ခ) ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လိုအပ်သောဆပ်ကော်မတီများ ဖွဲ့စည်းရန်နှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်၊

(ဂ) ကော်မတီအဆင့်ဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်စေရန်နှင့် ယင်းလုပ်ငန်းစီမံချက်များကို စိစစ်အတည်ပြုပေးရန်၊

(ဃ) ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲရန်နှင့် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများဆောင်ရွက်ရန်၊

(င) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီသို့ ၆ လ တစ်ကြိမ် အစီရင်ခံတင်ပြရန်၊

(စ) ပိတ်သိမ်းမည့်စခန်းအလိုက် လိုအပ်သော ရန်ပုံငွေနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊

(ဆ) စခန်းပိတ်သိမ်းမည့် ပြည်နယ်များမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများကို သက်ဆိုင်သော အစည်းအဝေးကျင်းပသည့်အခါ အထူးဖိတ်ကြားသူအဖြစ် ဖိတ်ကြားဆောင်ရွက်ရန်၊

(ဇ) ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အစည်းအဝေးများကျင်းပသည့်အခါတွင် သင့်လျော်သလို ဖိတ်ကြားရန်၊ (ကိုယ်စားလှယ်များတွင် အမျိုးသမီးများပါဝင်ရမည်)

(ဈ) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်းများ (Stakeholders) နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ည) ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်များအတွက် ဖွဲ့စည်းထားသော ဆက်စပ်ကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရန်။

၃။ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ ဥက္ကဋ္ဌအနေဖြင့် အုပ်ချုပ်မှုကိစ္စရပ်များနှင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် ကော်မတီရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

D/Hla Nu/2021 Gazette/ gazette (15) 20

၅။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) နှင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၀) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာသိင်္ဂီရွှေ<br>ပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဟသ်ာတတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာနီနီဦး<br>ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မအူပင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

**နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံ့ဝန်ထမ်းများ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေထိုင်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များတွင် အငှားအိမ်ရာများ တည်ဆောက်သွားရန် **“နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ”** တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်မြို့တော်ဝန်၊ ရန်ကုန်မြို့တော်ဝန်၊<br>မန္တလေးမြို့တော်ဝန်/<br>အဖွဲ့ဝင်<br>တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ<br>(နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမပါ) | အဖွဲ့ဝင် |
| (၃) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

D/Hla Nu/2021 Gazette/ gazette (15) 22

(၄) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၈) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း

(၉) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၀) ဒုတိယအမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

( ခ ) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နိုင်ငံ့ဝန်ထမ်းများအတွက် အငှားအိမ်ရာများ ဆောက်လုပ်ရန် မြေနေရာရရှိရေးနှင့် မြေနေရာအား အတည်ပြုရွေးချယ်ခြင်း၊

(၂) ဒေသအလိုက်ဆောက်လုပ်မည့် အငှားအိမ်ရာပုံစံများ အတည်ပြုရွေးချယ်ခြင်း၊

(၃) အငှားအိမ်ရာများတွင် နိုင်ငံ့ဝန်ထမ်းများအား ခွင့်ပြုချထားနိုင်ရန် မူဝါဒချမှတ်ပေးခြင်း၊

(၄) အငှားအိမ်ရာများတွင် နေထိုင်ခွင့်ရရှိသော ဝန်ထမ်းများအနေဖြင့် လစဉ် ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေထိုင်ခွင့်ရရှိစေရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(၅) မြေနေရာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး၊ infrastructure များဖြစ်သည့် လမ်း၊ ရေ၊ မီးသွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ စီးပွားရေးရာကော်မတီနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရန်ရှိသည့် ကိစ္စရပ်များ တင်ပြဆောင်ရွက်သွားခြင်း၊

(၆) နေပြည်တော်ကောင်စီ၊ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် အငှားအိမ်ရာများ စဉ်ဆက်မပြတ်အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်းနှင့် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

( ဂ ) **နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ**

(၁) နေပြည်တော်မြို့တော်ဝန်၊ ရန်ကုန်မြို့တော်ဝန်၊ — ဥက္ကဋ္ဌ
မန္တလေးမြို့တော်ဝန်/
အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ
(နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမပါ)

| | | |
|---|---|---|
| (၂) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး/ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ<br>မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး/ပြည်နယ်<br>ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၉) | ကိုယ်စားလှယ်တစ်ဦး<br>ပုဂ္ဂလိကဘဏ် | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံ<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၁) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဃ) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အငှားအိမ်ရာများဆောက်လုပ်ရန် သင့်လျော်ကောင်းမွန်သည့် မြေနေရာရရှိရေး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးများနှင့်ညှိနှိုင်း၍ စနစ်တကျရွေးချယ်ပြီး ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(၂) မိမိဒေသနှင့်ကိုက်ညီသော အိမ်ရာပုံစံများ ရေးဆွဲပြီး ဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ငှားရမ်းနေထိုင်လိုသူ ဝန်ထမ်းအင်အားစာရင်းအား ပြုစု၍ ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(၄) အငှားအိမ်ရာများတွင် နေထိုင်ခွင့်လျှောက်ထားလာသူ ဝန်ထမ်းများအား စိစစ်ခွင့်ပြုပေးခြင်း၊

(၅) အငှားအိမ်ရာများတွင် နေထိုင်ခွင့်ရရှိသူဝန်ထမ်းများ သက်သာသောနှုန်းထားဖြင့် အိမ်ခန်းငှားရမ်းနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၆) ဆောက်လုပ်မည့်ဝန်ထမ်းအငှားအိမ်ရာများတွင် infrastructure များ ဖြစ်သည့် လမ်း၊ ရေ၊ မီး သွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၇) အငှားအိမ်ရာများအချိန်မီပြီးစီးရေးအရည်အသွေး၊စံချိန်စံညွှန်းပြည့်မီစေရေးကြပ်မတ်စစ်ဆေးခြင်း။

D/Hla Nu/2021 Gazette/ gazette (15) 24

၂။ လုပ်ငန်းကော်မတီသည် ဆပ်ကော်မတီများ ဖွဲ့စည်းရန်လိုအပ်ပါက ဦးစီးကော်မတီသို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်သည်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၉-၆-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၇)၊ ၁၉-၆-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၇) နှင့် ၃၀-၄-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၈) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၄၄၇/အောင်ချမ်းသာ)၊ ဦးပိုင်အမှတ် ( – ) ရှိ **မြေဧရိယာ ၄.၁၆ ဧက** အား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **"မြောက်ပြင်ပင်မဓာတ်အားခွဲရုံ၊ စက်ရုံတွင်းသွားလမ်း"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၁)

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သင်္ဂတုံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၃၆ᵃ၊ သင်္ဂတုံကာမ)၊ ဦးပိုင်အမှတ် (၃၁/၁၊ ၅၂၊ ၅၃၊ ၅၅၊ ၅၆၊ ၇၃၊ ၇၄၊ ၇၅၊ ၇၈၊ ၇၈/၁၀၈၊ ၉၅/၁၊ ၉၅/၂၊ ၉၆) ရှိ **မြေဧရိယာ ၃၈.၂၃ ဧက** အား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **"တောင်တော်ကွင်း ပင်မဓာတ်အားခွဲရုံ"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

D/Hla Nu/2021 Gazette/ gazette (15) 25

**အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၁)**

၁။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၊ စီဟဲကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၈၅/ စီဟဲရွာမ)၊ ဦးပိုင်အမှတ် (၆၅) ရှိ **မြေဧရိယာ ဝ.၂၃ဝ ဧက** အား **"ဗန်းမော်ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၁)**

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ မင်းကံရိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်– (OSS–25၊ ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ်– (N/10) ရှိ **မြေဧရိယာ ၂.၅ ဧက** ကို အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟို ကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါစာအမှတ်၊ ၃၀၇၁/ ၁– ကော်မတီ/ မြေ (ဗဟို)/ ၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂.၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၂၁)**

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ မင်းကံရိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် – (OSS–25၊ ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ် – (N/10) ရှိ **မြေဧရိယာ ၁.၅ ဧက** ကို အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါစာအမှတ်၊ ၃၀၇၀/ ၁– ကော်မတီ/ မြေ (ဗဟို)/ ၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၂၁)

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ကောလင်းမြို့၊ စက်ရုံလယ်ပြင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်/အမည်– (၂၈/ မြသုခရပ်)၊ မြေအမျိုးအစား– မြို့မြေ၊ ဦးပိုင်/ မြေကွက်အမှတ်– (၄၄+၆၈/၅၄+၇၃) ရှိ **မြေဧရိယာ ၀.၁၉၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါစာအမှတ်၊ ၃၀၆၉/၁– ကော်မတီ/ မြေ (ဗဟို)/ ၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ အသုံးပြုရန် မရှိသဖြင့် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၁၉၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၁)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ်/အမည် – (၆/ပန်းဆိုးတန်း)၊ မြေအမျိုးအစား– မြို့မြေ၊ ဦးပိုင်အမှတ်– (၉၇) ရှိ **မြေဧရိယာ ၀.၁၆၁ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၃၀၆၈/၁– ကော်မတီ/ မြေ (ဗဟို)/ ၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ယခင်စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၁၆၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၁)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၄၈) ခြေလျင်တပ်ရင်းအတွက် မြေလွှဲအမိန့်ထုတ်ပြန်ပေးခဲ့သော ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကွန်နား/ လွိုင်ချိုကျေးရွာအုပ်စု၊ ကွင်းအမှတ် – (၁)၊ ဦးပိုင် အမှတ် – (၁)၊ (၁၂) ပါးဂူကွင်းရှိ မြေဧရိယာ ၉၆၄.၇၀ ဧက အနက်မှ ကွင်းအမှတ် – ၄၁၇/ ကုန်းလုံရွာမကွင်း၊ ဦးပိုင်အမှတ် – (၁)၊ မြေဧရိယာ ၅.၈၃ ဧက၊ ကွင်းအမှတ် – ၄၉၆/ ဘူတာအနောက်၊ ဦးပိုင်အမှတ် – (၂)၊ မြေဧရိယာ ၆.၄၁ ဧက၊ ကွင်းအမှတ် – ၄၉၇/(၁၂) ပါးဂူအနောက်၊ ဦးပိုင်အမှတ် – (၁)၊ မြေဧရိယာ ၁၈၆.၇၆ ဧက၊ **စုစုပေါင်းမြေဧရိယာ ၁၉၉.၀၀ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏

D/Hla Nu/2021 Gazette/ gazette (15) 27

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါစာအမှတ်၊ ၃၀၆၆/၁– ကော်မတီ/မြေ(ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၄၈) ခြေလျင်တပ်ရင်းမှ အသုံးပြုရန်မရှိသဖြင့် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၉၉.၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

၃။ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွှဲအမိန့် ထုတ်ပြန်ပေးခဲ့သော **မြေဧရိယာ ၉၆၄.၇၀ ဧက** အနက်မှ ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၇၆၅.၇၀ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၄၈) ခြေလျင်တပ်ရင်းမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

၄။ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၄၈) ခြေလျင်တပ်ရင်းမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည့် **ကျန်မြေဧရိယာ ၇၆၅.၇၀ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၁)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၈) ဖြင့် မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် အခမဲ့မြေလွှဲမိန့်ထုတ်ပြန်ပေးခဲ့သော မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မုပွန်ရပ်ကွက်၊ ကွင်းအမှတ်/အမည်–(၇၉/ဘူတာရုံကွင်း)၊ မြေအမျိုးအစား – မြို့မြေ၊ ဦးပိုင်အမှတ်–(၆က) ရှိ **မြေဧရိယာ ၁.၀၀ ဧက** ကို အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါစာအမှတ်၊ ၃၀၆၄/၁– ကော်မတီ/မြေ(ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၆/၂၀၂၁)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း အသုံးပြုရန်အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် (၁၃) ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်/ အမည်– ၅၂/ကင်မလင်းကျွန်း၊ ၁၆၃–C/ မျက်တိုဘူတာရုံ၊ ဦးပိုင်အမှတ်– (၃၊ ၄၊ ၇၀၊ ၇၁/၁၊ ၇၁/၂၊ ၇၁/၁၁၅) ရှိ **မြေဧရိယာ ၁၀.၄၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါစာအမှတ်၊ ၃၀၆၃/၁–ကော်မတီ/မြေ(ဗဟို)/ ၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

D/Hla Nu/2021 Gazette/ gazette (15) 28

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ အစိုးရနည်းပညာအထက်တန်းကျောင်း အသုံးပြုရန်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၀.၄၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၂၁)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်/ အမည်– (၁၅/ကျေးပင်တန်း)၊ မြေအမျိုးအစား– မြို့မြေ၊ ဦးပိုင်အမှတ်–(၃/၁၁) ရှိ **မြေဧရိယာ ၀.၀၈၁ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါစာအမှတ်၊ ၃၀၆၂/၁ – ကော်မတီ/ မြေ(ဗဟို)/ ၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၀၈၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၂၁)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်အတွက် မြေသိမ်းအမိန့် ထုတ်ပြန်ပေးခဲ့သော မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ နံကပ်ကျွန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် – ၁၆၄၈/၂၀၁၉ ဘုရားသုံးဆူကွင်း၊ ၁၆၄၈/စုဘက်ကွင်း၊ ဦးပိုင်အမှတ်– (၃၁၊ ၃၄၊ ၃၇၊ ၃၈) ရှိ **မြေဧရိယာ ၁၉.၃၁ ဧက** အနက်မှ (၁၆၄၈/စုဘက်ကွင်း)၊ဦးပိုင်အမှတ်–(၃၁/၃၄/၃၇၊ မြေလွတ်) ရှိ **မြေဧရိယာ ၈.၁၆ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၁ ရက်စွဲပါစာအမှတ်၊ ၂၈၉၄/၁ – ကော်မတီ/ မြေ (ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်မှ မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၈.၁၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

၃။ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေသိမ်းအမိန့်ဖြင့် ထုတ်ပြန်ပေးခဲ့သော **မြေဧရိယာ ၁၉.၃၁ ဧက** အနက်မှ ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၁၁.၁၅ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်မြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

၄။ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်မြေအဖြစ် အသုံးပြုရန်အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည့် **ကျန်မြေဧရိယာ ၁၁.၁၅ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

၁။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေကို အများပြည်သူ အကျိုးငှာ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **"မြောက်ပြင်ပင်မဓာတ်အားခွဲရုံ"** အဖြစ် အသုံးပြုရန်အတွက် **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** မှ အလိုရှိကြောင်း ကြေညာလိုက်သည်-

**မြေတည်ရှိရာဒေသ**

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/အမည် | ဦးပိုင် ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| မန္တလေး | ပုသိမ်ကြီး | အောင်ချမ်းသာ | ၄၄၇/အောင်ချမ်းသာ | ၃၃ ခု | ၃၂.၅၁ |
| **စုစုပေါင်း** | | | ၁ | ၃၃ ခု | ၃၂.၅၁ |

၂။ မြေသိမ်းအက်ဥပဒေပုဒ်မ ၃ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

၃။ သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဆောင်ရွက်ရန် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့် အပ်နှင်းလိုက်သည်။

၄။ မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အောက်ဖော်ပြပါမြေများကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **"မြောက်ပြင်ပင်မဓာတ်အားခွဲရုံ"** အတွက် သိမ်းဆည်းရန် အလိုရှိကြောင်း ကြေညာ လိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/ အမည်၊ မြေဧရိယာ နှင့် ပိုင်ရှင်အမည်များအား **နောက်ဆက်တွဲပါ** အတိုင်းဖော်ပြအပ်ပါသည်-

ဖော်ပြပါမြေ၏ အလားး (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရှေ့လားသော် - မန္တလေး - မတ္တရာသွားကားလမ်း

အနောက်လားသော် - ကုန်ထုတ်လမ်း

တောင်လားသော် - မန္တလေး - မတ္တရာသွားမီးရထားလမ်း

မြောက်လားသော် - မြို့ပတ်ကားလမ်း

၅။ စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် အသုံးပြုသော မြေပုံများအရဖြစ်၍ အထက်ဖော်ပြပါမြေပုံကို မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှု စစ်ဆေးနိုင်ပါသည်။

၆။ မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရနှင့် မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက် ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **"မြောက်ပြင်ပင်မ ဓာတ်အားခွဲရုံ"** အဖြစ် အသုံးပြုရန်အတွက် **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ်တော်အရာရှိအား ညွှန်ကြားလိုက်သည်။

D/Hla Nu/2021 Gazette/ gazette (15) 30

၇။ အဆိုပါ သိမ်းဆည်း/လွှဲပြောင်းပေးသောမြေအား **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ စပယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၃၁/၃၁၄-ခ၊ စပယ်ရွာမ)၊ မြေကွက်အမှတ် (၁၂၇/၁) ရှိ **“စပယ်ကျေးရွာဘုန်းတော်ကြီးကျောင်း” အခွန်လွတ်သာသနာမြေဧရိယာ ၆.၀၀ ဧက** အနက်မှ **၁.၀၆ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးသန်းနိုင်ဝင်း (၈/ဂဂန (နိုင်) ၀၆၅၉၈၉) အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၂၁)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ယင်းမာကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၂၃၁/၃၁၄-ဂ၊ ယင်းမာရွာမကွင်း)၊ မြေကွက်အမှတ် (၃၄၀/၁) ရှိ **“ယင်းမာကျေးရွာဘုန်းတော်ကြီးကျောင်း” အခွန်လွတ်သာသနာမြေဧရိယာ ၃.၂၅ ဧက** အနက်မှ **မြေဧရိယာ ၀.၀၆ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးမြင့်စိုး (၈/ဂဂန (နိုင်) ၀၆၆၀၉၉) အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်/ အမည် (၁၀၃၉A/ သဖန်းပင်ကွင်း)၊ ဦးပိုင်အမှတ် (၂၈/၃၆၊ ၃၀၊ ၃၁၊ ၃၂/၂) တို့ရှိ **မြေဧရိယာ ၉.၀၉ ဧက** အား **လှည်းကူးမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်/ အမည် (F ရပ်ကွက်/မြို့မ)၊ ဦးပိုင်အမှတ် (၂၁၃/၁) ရှိ **မြေဧရိယာ ၀.၅၀ ဧက** အား **ကျောင်းကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်

ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသော မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ပနန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၃၁/၃၁၄-က၊ ပနန်းရွာမကွင်း)၊ မြေကွက်အမှတ် (၆၂/၁) ရှိ **"ပနန်းကျေးရွာဘုန်းတော်ကြီးကျောင်း" အခွန်လွတ်သာသနာမြေဧရိယာ ၃.၂၁ ဧက** အနက်မှ **မြေဧရိယာ ၀.၀၆ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးမြင့်နိုင်ဦး (၈/ဂဂန (နိုင်) ၀၂၇၀၂၂) အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၂၁)

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉၅၄/လှည်းကြီးအရှေ့)၊ မြေကွက်အမှတ် (၁၃၅/၁၆၂၉) ရှိ **"နန္ဒသာစည် ဘုန်းတော်ကြီးကျောင်း" အခွန်လွတ်သာသနာမြေဧရိယာ ၀.၅၃ ဧက** အနက်မှ **မြေဧရိယာ ၀.၀၃၇ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးလှဲဝင်း (၈/ပဖန (နိုင်) ၀၂၃၇၆၄) အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၇၀၀၂) သံချပ်ကာတိုက်ခိုက်ရေးတပ်ရင်းအတွက် မြေလွှဲအမိန့် ထုတ်ပြန်ပေးခဲ့သော ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ ဟိုနားကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် - (၁၂/ ဟိုနားရွာမကွင်း)၊ ဦးပိုင်အမှတ် - (N) ရှိ **မြေဧရိယာ ၂၀၃.၅၀ ဧက** အနက်မှ **မြေဧရိယာ ၁၅.၂၁ ဧက** ကို မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါစာအမှတ်၊ ၃၀၆၅/၁ - ကော်မတီ/ မြေ (ဗဟို)/ ၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၇၀၀၂) သံချပ်ကာတိုက်ခိုက်ရေးတပ်ရင်းမှ မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၅.၂၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

၃။ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွဲအမိန့်ထုတ်ပြန်ပေးခဲ့သော **မြေဧရိယာ ၂၀၃.၅၀ ဧက** အနက်မှ ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၁၈၈.၂၉ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၇၀၀၂) သံချပ်ကာတိုက်ခိုက်ရေးတပ်ရင်းမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

၄။ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၇၀၀၂) သံချပ်ကာတိုက်ခိုက်ရေးတပ်ရင်းမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည့် **မြေဧရိယာ ၁၈၈.၂၉ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၂၁)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မြေနေရာအဖြစ် အသုံးပြုရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ရှမ်းစုကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်/ အမည် – (၄၉၃/ ဇီးဖြူကုန်း)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ် – ( ၂၅၃/၄၄၆ ) ရှိ **မြေဧရိယာ ၀.၂၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါစာအမှတ်၊ ၀၉၀/၁–ကော်မတီ/မြေ(ဗဟို)/၂၀၂၁ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ကျေးလက်ကျန်းမာရေးဆေးပေးခန်းမြေနေရာအဖြစ် အသုံးပြုရန်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၂၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၀/၂၀၂၁)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ကွင်းအမှတ်/ အမည် – (၅၁၆–က/၂)၊ ဦးပိုင်အမှတ် – ၁၁၅ ရှိ **မြေဧရိယာ ၅.၃၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါစာအမှတ်၊ ၀၈၉/၁ – ကော်မတီ/မြေ (ဗဟို)/ ၂၀၂၁ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅.၃၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

D/Hla Nu/2021 Gazette/ gazette (15) 33

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၁/၂၀၂၁)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မီးသတ်စခန်းမြေနေရာအဖြစ် အသုံးပြုရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ ကိုးထောင်ဘို့ကျေးရွာ၊ ကွင်းအမှတ်/ အမည် – (၃၉၀/ ကျွန်းကုန်းကွင်း)၊ မြေကွက်အမှတ် – (၃၆) ရှိ **မြေဧရိယာ ၁.၃၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါစာအမှတ်၊ ၃၀၆၇/ ၁– ကော်မတီ/ မြေ (ဗဟို)/ ၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက မီးသတ်စခန်းမြေနေရာအဖြစ် အသုံးပြုရန်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၃၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၂/၂၀၂၁)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ သပြေပင်ကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်/ အမည် – ၃၂၇/ သပြေပင်အနောက်ကွင်း၊ ဦးပိုင်အမှတ် – ၄၆/ ၅၁ ရှိ **မြေဧရိယာ ၃.၀၁ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါစာအမှတ်၊ ၀၉၃/ ၁– ကော်မတီ/ မြေ (ဗဟို)/ ၂၀၂၁ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃.၀၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၃/၂၀၂၁)

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ကော့ပေါက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် – ၂၆၃/ ကော့ပေါက်၊ ဦးပိုင်အမှတ် – ၁၀၂ ရှိ **မြေဧရိယာ ၀.၀၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါစာအမှတ်၊ ၀၉၆/ ၁ – ကော်မတီ/ မြေ (ဗဟို)/ ၂၀၂၁ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၀၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

**နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ အသွင်ကူးပြောင်းရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးကို ရှေးရှု၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရေးတွင် အဓိကမောင်းနှင်အားအဖြစ် ရပ်တည်နေသော ပုဂ္ဂလိက အခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် **"နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ အသွင်ကူးပြောင်းရေးအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |
| ( ဋ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |
| ( ဌ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |
| ( ဍ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆေးဝါးလုပ်ငန်း | အဖွဲ့ဝင် |
| ( ဎ ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ပြုပြင်ပြောင်းလဲရန်လိုအပ်သော နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား အသွင်ကူးပြောင်းနိုင်ရေးအတွက် မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ခ ) နိုင်ငံပိုင်ကဏ္ဍဖြင့် ဆက်လက်ဆောင်ရွက်မည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား အောင်မြင်မှုရှိစေရေးနှင့် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြံပြုချက်များပေးရန်၊

( ဂ ) အစိုးရ – ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများနှင့်စပ်လျဉ်း၍ အစိုးရက ဖိတ်ခေါ်မည့် Solicited Proposal များ ပြင်ဆင်ခြင်းနှင့် ပုဂ္ဂလိကမှ ဆန္ဒအလျောက် တင်ပြလာသည့် Unsolicited Proposal များအား စိစစ်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) ပုဂ္ဂလိကသို့ အပြီးအပြတ် လွှဲပြောင်းရောင်းချ ဆောင်ရွက်နိုင်မည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား စိစစ်ဖော်ထုတ်ရန်၊

( င ) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ပို့ချပေးနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( စ ) အစိုးရ – ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချမည့် စက်ရုံအလုပ်ရုံများမှ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံဆောင်ရွက်နိုင်ရေးအတွက် မူဝါဒတစ်ခု ချမှတ်ဆောင်ရွက်ရန်၊

(ဆ) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆက်နွှယ်သူများ (နိုင်ငံ့ဝန်ထမ်းများ၊ စီမံခန့်ခွဲသူများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပြည်သူများ) အား အသိပေးနိုင်ရန်အတွက် ပြည်သူ့ဆက်ဆံရေးမဟာဗျူဟာကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ဇ ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ပေးရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁) အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူးချုပ် (လစာနှုန်းကျပ် ၅၅၀,၀၀၀) ရာထူးနေရာတွင် အတည်ပြုခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၁)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် (လစာနှုန်းကျပ် ၃၇၄၀၀၀ – ၄၀၀၀ – ၃၉၄၀၀၀) ဦးသန့်ဇော်ဦး အား ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယအမြဲတမ်းအတွင်းဝန် (လစာနှုန်းကျပ် ၄၁၈၀၀၀ – ၄၀၀၀ – ၄၃၈၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်သော အောက်ဖော်ပြပါ အဖွဲ့ဝင် (၇) ဦးအတွက် ယှဉ်တွဲပါ ပြင်ပပုဂ္ဂိုလ်များအား ကိုယ်ရေးအရာရှိ (လစာနှုန်းကျပ် ၂၉၅,၀၀၀) များအဖြစ် တာဝန်ပေးခန့်ထားလိုက်သည်–

| စဉ် | အဖွဲ့ဝင် | ကိုယ်ရေးအရာရှိ အမည် | မှတ်ပုံတင်အမှတ် | တာဝန်ပေး ခန့်ထားသည့် နေ့ရက် |
|---|---|---|---|---|
| (က) | မန်းငြိမ်းမောင် | ဦးမျိုးမင်းအေး | ၁၄/ပတန (နိုင်) ၁၇၇၁၅၆ | ၇–၂–၂၀၂၁ |
| ( ခ ) | ဦးသိန်းညွန့် | ဦးနေဝင်းသန်း | ၁၂/သဃက (နိုင်) ၁၅၄၀၇၉ | ၅–၂–၂၀၂၁ |
| ( ဂ ) | ဦးခင်မောင်ဆွေ | ဦးအောင်မျိုး | ၁၂/စခန (နိုင်) ၀၁၃၆၅၀ | ၉–၂–၂၀၂၁ |
| (ဃ) | Jeng Phang နော်တောင် | ဦးလှမြင့် | ၁၂/လကန (နိုင်) ၁၇၇၁၀၅ | ၇–၂–၂၀၂၁ |
| ( င ) | ဦးမောင်းဟာ | ဒေါ်နန္ဒာထွန်း | ၁/တနန (နိုင်) ၀၀၉၈၃၃ | ၁၀–၂–၂၀၂၁ |
| ( စ ) | ဦးစိုင်းလုံးဆိုင် | ဦးစိုင်းမြင့် | ၁၃/ကတန (နိုင်) ၀၁၂၄၀၉ | ၅–၂–၂၀၂၁ |
| (ဆ) | စောဒန်နီယယ် | စောအိုက်ဇက်ဒယ်နီ | ၂/လကန (နိုင်) ၀၆၉၄၆၈ | ၁၀–၂–၂၀၂၁ |

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၁)**
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (လစာနှုန်းကျပ် ၃၄၁၀၀၀ – ၄၀၀၀ – ၃၆၁၀၀၀) ဦးထောင်ဒိတ်ခိုင် အား အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (လစာနှုန်းကျပ် ၃၇၄၀၀၀ – ၄၀၀၀ – ၃၉၄၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၁)**
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်)

**အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center) အတွက် ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) တွင် ပါရှိသော မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် စီမံကိန်းဘဏ်အတွင်းရှိ စီမံကိန်းများကို တိကျသော လုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။

၂။ စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက် အပိုဒ် (၁၁) ပါ ပြဋ္ဌာန်းချက်အရ အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

D/Hla Nu/2021 Gazette/ gazette (15) 38

(ဆ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၃။ PPP Center ၏ အဓိကတာဝန်မှာ စီမံကိန်းဘဏ်အတွင်းသို့ ထည့်သွင်းထားသည့် စီမံကိန်းများအနက် အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် စီမံကိန်းများကို ရှာဖွေဖော်ထုတ်ရန်နှင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ရန် ဖြစ်ပါသည်–

(က) အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို အထောက်အကူပြုရန်၊

( ခ ) စီမံကိန်းဘဏ်ရှိ အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများနှင့်ဆက်စပ်သည့် ကိစ္စရပ်များကို စီမံခန့်ခွဲရန်၊

( ဂ ) အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဖော်ထုတ်ခြင်း၊ စီမံကိန်းတင်ဒါခေါ်ရန် ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်းနှင့် စီမံခန့်ခွဲခြင်းများအတွက် လိုအပ်ချက်များ၊ လမ်းညွှန်ချက်များ၊ ပုံစံများနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲရန်၊

(ဃ) အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား စောင့်ကြပ်၍ လိုအပ်သည်များ တင်ပြရန်၊

( င ) အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲရေးအတွက် လေ့လာဆန်းစစ်ချက်များနှင့် အကြံပြုချက်များပေးရန်။

၄။ PPP Center ၏ ဦးဆောင်ကော်မတီသည် အထက်အပိုဒ် (၃) ပါ လုပ်ငန်းတာဝန်များအပြင် စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်တွင်ဖော်ပြထားသည့် PPP Center နှင့်ဆက်စပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်သည်။

၅။ PPP Center ၏ ရုံးလုပ်ငန်းများကို PPP Center ၏ ဦးဆောင်ကော်မတီပါ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ရန်ဖြစ်သည်။ အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ပေါ်ပေါက်လာသော ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းနိုင်ရန်အတွက် အစည်းအဝေးများ ခေါ်ယူရန်ဖြစ်ပါသည်။

၆။ ဤဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၈) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (လစာနှုန်းကျပ် ၃၄၁၀၀၀ – ၄၀၀၀ – ၃၆၁၀၀၀) ဦးမျိုးဝင်းထွန်း အား ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး (လစာနှုန်းကျပ် ၃၇၄၀၀၀ – ၄၀၀၀ – ၃၉၄၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

## COVID–19 Economic Relief Plan (CERP) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ကြီးကြပ်မှုဦးဆောင်ကော်မတီဖွဲ့စည်းခြင်း

၁။ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် လူမှုစီးပွားရေးဆိုင်ရာထိခိုက်မှုများကို ကုစားရန် ချမှတ်ထားသည့် COVID–19 Economic Relief Plan (CERP) ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို စောင့်ကြပ်နိုင်ရန်အတွက် ဦးဆောင်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| ( ဇ ) | COVID–19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်<br>ကုစားရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

### လုပ်ငန်းတာဝန်

၂။ ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) COVID–19 Economic Relief Plan (CERP) အကောင်အထည်ဖော်မှုအား စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဂျပန်အပြည်ပြည်

ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ် (WB) တို့အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားသက်ဆိုင်သူများနှင့် ဆက်သွယ်၍ လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရန်၊

( ခ ) CERP လုပ်ငန်းစဉ်အောက်ရှိ စီမံကိန်းများနှင့် အစီအစဉ်များအကောင်အထည်ဖော်ရာတွင် တိုးတက်မှုနှင့် အကျိုးသက်ရောက်မှုများအပေါ် ပုံမှန်အစီရင်ခံစာထုတ်ပြန်ရန်အတွက် သက်ဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စုဆောင်းခြင်း၊ စုစည်းခြင်းနှင့် ဖြန့်ဝေခြင်းတို့အပေါ် လမ်းညွှန်မှုပေးရန်၊

( ဂ ) Monitoring and Evaluation (M&E) ရလဒ်များအပေါ် အခြေခံ၍ CERP အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများအား လိုအပ်သည်များပံ့ပိုးပေးရန်။

၃။ ဤဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၀) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်)

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များကိုကျင့်သုံး၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အတွင်းရေးမှူး |

၂။ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၀၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၄၅/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးနှင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) တို့မှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ငွေစာရင်းဌာနမှ စာရင်းကိုင် (၁) (လစာနှုန်း ၂၃၄၀၀၀ိ – ၂၀၀၀ိ – ၂၄၄၀၀၀ိ) ဒေါ်ဖြိုးသီရိကျော် ကို ရန်ကုန်ပြတိုက်ဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ (ငွေစာရင်း) (လစာနှုန်း ၂၇၅၀၀၀ိ – ၄၀၀၀ိ – ၂၉၅၀၀၀ိ) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၀၄/၂၀၂၁)

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၄၅/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးနှင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) တို့မှ သဘောတူဆုံးဖြတ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မှတ်တမ်းနှင့်လိုင်စင်ဌာနမှ ကြီးကြပ်ရေးမှူး (ကွန်ပျူတာ) (လစာနှုန်း ၂၃၄၀၀၀ိ – ၂၀၀၀ိ – ၂၄၄၀၀၀ိ) ဒေါ်မျိုးပပ ကို ရတနာပြပွဲဆိုင်ရာနှင့် ဥပဒေရေးရာဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ (လစာနှုန်း ၂၇၅၀၀၀ိ – ၄၀၀၀ိ – ၂၉၅၀၀၀ိ) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

### မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံသစ်တောများ ထာဝစဉ်တည်တံ့ရေးနှင့် မြန်မာ့သစ်များ နိုင်ငံတကာဈေးကွက်တွင် ရောင်းချနိုင်ရန်၊ နိုင်ငံတကာတွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ သစ်တောထွက်ပစ္စည်းများ အားလုံးခြုံငုံမိစေရန်အတွက် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၃ (၁)/၄ (သထ)/

D/Hla Nu/2021 Gazette/ gazette (15) 42

(၂၈၂၈/ ၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ (Myanmar Forest Certification Committee – MFCC) အား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | လက်ထောက်အတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူး (သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန)<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယအထွေထွေမန်နေဂျာ (သစ်ထုတ်ရေး)<br>မြန်မာ့သစ်လုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားမှုဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ညွှန်ကြားရေးမှူး<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်<br>သစ်လုပ်ငန်းရှင်အဖွဲ့အစည်းများ | အဖွဲ့ဝင် |
| ( ဋ ) | ကိုယ်စားလှယ်<br>အစိုးရမဟုတ်သော အဖွဲ့အစည်းများ (ပတ်ဝန်းကျင်ထိန်းသိမ်းရေး) | အဖွဲ့ဝင် |
| ( ဌ ) | ကိုယ်စားလှယ်<br>အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) | အဖွဲ့ဝင် |
| ( ဍ ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၂။ မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်၏ သစ်တောများထာဝစဉ်တည်တံ့ရေးအုပ်ချုပ်လုပ်ကိုင်မှုကို တိုးမြှင့်ဖော်ဆောင်ရန်အတွက် မြန်မာနိုင်ငံ၏ သစ်တောထောက်ခံချက်ပြုရေး လုပ်ငန်းကိစ္စအဝဝကို စီမံကွပ်ကဲရန်၊

(ခ) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ကိုက်ညီပြီး နိုင်ငံတကာကလက်ခံသည့် သစ်တောထောက်ခံချက်ပြုရေးစနစ်တစ်ရပ်အား ဖော်ဆောင်ရန်၊

(ဂ) မြန်မာ့သစ်တောထောက်ခံချက်ပြုရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ ဖော်ထုတ်သတ်မှတ်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရန်၊

(ဃ) မြန်မာသစ်တောထောက်ခံချက်ပြုရေးဆိုင်ရာ စံချိန်စံညွှန်းများ ဖော်ထုတ်သတ်မှတ်သည့် လုပ်ငန်းစဉ်တွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပေးပြီး လိုအပ်သောအကူအညီများပေးရန်၊

(င) မြန်မာ့သစ်တောထောက်ခံချက်ပြုရေးစနစ် (Myanmar Forest Certification Scheme – MFCS) ကို ကိုယ်စားပြု၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖလှယ်ရေးတွင် ဆောင်ရွက်ရန်၊

(စ) မြန်မာ့သစ်တောထောက်ခံချက်ပြုရေးစနစ်ဆိုင်ရာ မှတ်တမ်းများအတွက် မူကြမ်းများပြုစုခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပေးခြင်းများအား စီစဉ်ဆောင်ရွက်ရန်၊

(ဆ) သစ်တောထောက်ခံချက်ပေးမည့် လွတ်လပ်သော တတိယအဖွဲ့အစည်းများ၏ လိုအပ်ချက်နှင့် အကဲဖြတ်စစ်ဆေးခြင်းနှင့် ထောက်ခံချက်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရန်၊

(ဇ) မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ အမှတ်တံဆိပ်ဒီဇိုင်းပြုလုပ်ခြင်းနှင့် အသုံးပြုရန် စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းကိုထုတ်ပြန်ရန်၊

(ဈ) မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၏ Website ထူထောင်ရန်နှင့် စီမံခန့်ခွဲအုပ်ချုပ်မှုများ ဆောင်ရွက်ရန်၊

(ည) မြန်မာ့သစ်တောထောက်ခံချက်ပြုရေးစနစ်ကို မြှင့်တင်ရန်နှင့် အများပြည်သူသိရှိစေရေး ဆောင်ရွက်ရန်၊

(ဋ) သစ်တောထောက်ခံချက်ပေးမည့် လွတ်လပ်သော တတိယအဖွဲ့များအား သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုပေးခြင်း မဆောင်ရွက်နိုင်မီ စိစစ်မှတ်ပုံတင်၍ လုပ်ပိုင်ခွင့်ပြုပြီး အသိအမှတ်ပြုပေးရန်၊

(ဌ) သစ်တောထောက်ခံချက်ပြုရေးဆိုင်ရာ အငြင်းပွားမှုများနှင့်ပတ်သက်၍ ဖြေရှင်းရမည့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ပြီး အငြင်းပွားမှုများရှိပါက စုံစမ်းစစ်ဆေး၍ ဖြေရှင်းပေးရန်၊

(ဍ) သစ်တောထောက်ခံချက်ပြုရေးဆိုင်ရာ ဆက်စပ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်ရန်၊

(ဎ) သစ်တောထောက်ခံချက်စစ်ဆေးအကဲဖြတ်သူများအား သင်တန်းပို့ချရန်နှင့် သင်တန်းအထောက်အကူပြု မှတ်စုများ ပြုစုစီစဉ်ဆောင်ရွက်ရန်၊

(ဏ) မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် (Myanmar Timber Legality Assurance System – MTLAS) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(တ) မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီဝင်များ၏ သက်တမ်းကာလအား (၃) နှစ် သတ်မှတ်ပြီး သက်ဆိုင်ရာ ဌာန/ လုပ်ငန်း/ အဖွဲ့အစည်းများ၏ အဆိုပြုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၃ (၁)/၄ (သထ) / (၂၈၂၈/၂၀၁၈) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

### ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ အရာထမ်း/အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေး၊ ဌာနဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ မူဝါဒများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန်၊ လိုအပ်သည့် ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်စိစစ်မှုများ ပြုလုပ်နိုင်ရန်အတွက် ဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးရွှေလေး<br>ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးမင်းထိန်<br>ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးရဲမင်းဇော်<br>ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးနေအောင်ရဲမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးရွှေဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

D/Hla Nu/2021 Gazette/ gazette (15) 45

(ဆ) ဦးဝဏ္ဏဇော် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

( ဇ ) ဦးအောင်မြင့်ဦး အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာ ချောင်ချိရေးကိစ္စရပ်များတွင် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်နှင့် ဌာနဆိုင်ရာလုပ်ငန်းများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်နိုင်ရန်-

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ဆောင်ရွက်၍ လိုအပ်သည်များကို လမ်းညွှန်ရန်၊

( ခ ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာသတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များကို လုပ်ငန်းအရ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျ သတ်မှတ်၍ တိကျသောလုပ်ပိုင်ခွင့်များကို သတ်မှတ်ဆောင်ရွက်စေရန်၊

( ဂ ) ကော်မတီသည် နိုင်ငံတော်၏စီမံကိန်းများအရ အကောင်အထည်ဖော်ဆောင်ရမည့် လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့်လျော်ညီသည့် စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်ရန်၊

(ဃ) ဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အတွက် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများပြုလုပ်ရန်၊

( င ) အရအသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ် ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

( စ ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ် တိကျစွာစိစစ်၍ဘဏ္ဍာရေးနှစ် လျာထားချက် ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် ပတ်သက်သော ကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ် များကို ကော်မတီသို့တင်ပြ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

( ဇ ) နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့်တစ်ခု ညီညွတ်မျှတစွာဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိတ်အပိုင်းတစ်ခုနှင့်တစ်ခု အကြား ညီညွတ်မှုရှိစေရေး၊ ကုန်ထုတ်လုပ်မှုမကျဆင်းရေးအတွက် စီးပွားရေးလုပ်ငန်းများကို ထိရောက်စွာ စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကိုထိရောက်မြန်ဆန်စွာ ထိန်းချုပ်နိုင်ရေးတို့အတွက် ကော်မတီမှ လေ့လာသုံးသပ်၍ နည်းလမ်းများ ရှာဖွေရယူသုံးသပ်ပြီး ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်ရန်၊

(ဈ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ ပြည်တွင်း၊ ပြည်ပပို့ကုန်/သွင်းကုန်နှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေး ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များနှင့်အညီ စိစစ်ကြပ်မတ်ဆောင်ရွက်ရန်။

၃။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် ဝန်ကြီးဌာန၏ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာစီမံကိန်းများ၊ ကျေးလက်လမ်းလုပ်ငန်းများနှင့်ပတ်သက်၍ အဆုံးအဖြတ် ပေးနိုင်ရေးအတွက် အစည်းအဝေးများကို လုပ်ငန်းလိုအပ်ချက်အပေါ်တွင် မူတည်ပြီး အပတ်စဉ် (သို့မဟုတ်) လစဉ် လိုအပ်သလို မျက်နှာစုံညီ ခေါ်ယူတွေ့ဆုံ ကျင်းပဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁/ဌာနခွဲ-၁/EC/ ၂၀၂၁ (စီ ၀၄၇၁) ဖြင့် ယခင်ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၁) အား ဤအမိန့် ကြော်ငြာစာဖြင့် ကျော်လွှန်ပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၀၀၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ -၂၇(၁) (ခ-၁) အရ အပ်နှင်းထားသည့်အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇၄)၊ မြေကွက်အမှတ် (၁/က)၊ **မြေဧရိယာ ၄၉.၃၇၃ ဧက** ရှိ အစိုးရမြေနေရာကို ပြန်လည်ထူထောင်ရေးဦးစီးဌာန အသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ပြန်လည်ထူထောင်ရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၇၄ | ၁/က | ၄၉ | ၃၇၃ | |
| စုစုပေါင်း | | | | ၄၉ | ၃၇၃ | |

၃။ **နယ်နိမိတ်အလားအလာ ဖော်ပြချက်**

| | | |
|---|---|---|
| မြောက်လားသော် | – | ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာ |
| အရှေ့လားသော် | – | အမှတ် (၇) လမ်းမကြီး |
| တောင်လားသော် | – | ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာ |
| အနောက်လားသော် | – | ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာ |

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၉) အရ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇၄)၊ မြေကွက်အမှတ် (၁/က)၊ **မြေဧရိယာ ၄၉.၃၇၃ ဧက** ရှိ အစိုးရမြေနေရာကို ပြန်လည်ထူထောင်ရေးဦးစီးဌာန အသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၂၁**
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်)

ရှမ်းပြည်နယ်အတွင်း လမ်းအခြေအနေ ပြောင်းလဲခြင်းတို့ကြောင့် လမ်းမိုင်တိုးလာခြင်း၊ လျော့နည်းသွားခြင်းတို့အတွက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်တည်ရှိသော လမ်းဦးစီးဌာနပိုင်အမှန်ပြင်ဆင်ထားသည့် လမ်းအရှည်စုစုပေါင်းကို (၆၇၈၃) မိုင် (၂) ဖာလုံ (၅၉၇) ပေ (သို့မဟုတ်) (၁၀၉၁၆.၇၃၆) ကီလိုမီတာအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

D/Hla Nu/2021 Gazette/ gazette (15) 48

ပ၊ ထ၊ န– အမှတ် ၅၅၈/၂၀(A)/ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ–၂၀၃၀/၉–၄–၂၀၂၁။